# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# စတုတ္ထနေ့အစီအစဉ်
# ( ၈ – ၆ –၂၀၂၆ ) ( တနင်္လာနေ့)  နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **PUBLIC PRIVATE PARTNERSHIP (PPP) ဥပဒေအား ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အစီအစဉ်ရှိ၊ မရှိကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းဆမ်၊ မိုင်းယန်းမဲဆန္ဒနယ်၏ **မိုင်းယန်းမြို့အတွက် မဟာဓာတ် အား လိုင်းခွဲစက်ရုံကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးကျော်ငြိမ်းအောင်၊ တာချီလိတ်မဲဆန္ဒနယ်၏ **အစိုးရ၊ တာချီလိတ်မြို့ မီးလင်းရေး ဦးဆောင်ကော်မတီနှင့် "ဝေ" မိသားစုကုမ္ပဏီလီမိတက်တို့ အကြား မီတာခ (၁) ယူနစ် နှုန်းထားနှင့် မီတာဘောက် (၁) လုံးလျှင် ရောင်းချရမည့် ဈေးနှုန်းသတ်မှတ်ချက် သဘောတူစာချုပ် ရှိပါသလား၊**

**ရှိပါက သတ်မှတ်ထားသည့်ဈေးနှုန်းကို သိရှိလိုကြောင်းနှင့် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်း ရောင်းချပေးခြင်းမရှိခဲ့ပါက မည်သို့ကြပ်မတ် အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်၏ **မန္တလေးလျောင်ဘေး ဒဏ်သင့် မြို့နယ်များတွင် ထပ်တိုးစာရင်းများ ကောက်ယူခဲ့ခြင်း ရှိ၊ မရှိနှင့် ပြည်သူ့ ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ လျောင်ဘေး ဒဏ်သင့်စာရင်းများကောက်ယူပြီး နိုင်ငံတော်က ကူညီထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေး ရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး မည်တို့ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်၏ **တွံတေးမြို့နယ်ရှိ ပယ်ဖျက်ရန် ကျန်ရှိ နေသောစားကျက်မြေ(၂၆၈၁)ကေအား စားကျက်မြေအဖြစ်မှ ပယ်ဖျက် ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ အား သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစား ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးများကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီတွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးစတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးပဥ္စမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။